## ၂၀၁၇ ခုနှစ်၊ မတ်လ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ

**အာမခံစပေါ်ငွေ ပေးသွင်းခြင်း၊ ကျောက်အတွဲများဝယ်ယူခြင်း၊ အာမခံစပေါ်ငွေသုံးစွဲခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များ**

**အာမခံစပေါ်ငွေ ပေးသွင်းခြင်း**

၁။ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ တက်ရောက်၍ ကျောက်အတွဲများ ဝယ်ယူမည့် ရတနာကုန်သည်ကို အနည်းဆုံး အာမခံစပေါ်ငွေ ကျပ်သိန်း (၂၀) ပေးသွင်းပြီးမှသာ ဝယ်ယူခွင့်ပြုပါမည်။ အာမခံစပေါ်ငွေနှုန်းထားနှင့် ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုးများမှာ အောက်ပါသတ်မှတ်ချက်များအတိုင်းဖြစ်ပြီး အာမခံစပေါ်ငွေများကို ကမ္ဘောဇဘဏ်(နေပြည်တော်)၊ ဘဏ်ခွဲ(၄) တွင် The Central Committee of Jade and Gems (Deposit) အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ် 17710317700282901 သို့ ကြိုတင်ပေးသွင်းထားရပါမည်-

| စဉ် | ပေးသွင်းရမည့် အာမခံစပေါ်ငွေ | | ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုး | |
|---|---|---|---|---|
| (က) | ငွေကျပ်သိန်း | (၂၀) | ငွေကျပ်သိန်း | (၄၀၀) |
| (ခ) | ငွေကျပ်သိန်း | (၅၀) | ငွေကျပ်သိန်း | (၁၀၀၀) |

၂။ အနည်းဆုံးပေးသွင်းရန် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေအပေါ် ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုးထက် ပိုမိုဝယ်ယူလိုပါက ဝယ်ယူလိုသော တန်ဖိုးငွေ၏ (၅) ရာခိုင်နှုန်းကို အာမခံစပေါ်ငွေအဖြစ် သက်ဆိုင်ရာ ကျောက်အတွဲအမျိုးအစားအလိုက် အောက်ပါနေ့ရက်များတွင် အပြီးပေးသွင်းရမည်-

| စဉ် | ကျောက်အတွဲအမျိုးအစား | အာမခံစပေါ်ငွေပေးသွင်းရမည့်နေ့ရက် |
|---|---|---|
| (က) | ကျောက်မျက် | ၂၀.၃.၂၀၁၇ |
| (ခ) | ကျောက်စိမ်း | ၂၁.၃.၂၀၁၇ |

၃။ ရတနာကုန်သည်အနေဖြင့် အနည်းဆုံးပေးသွင်းရန် သတ်မှတ်ထားသော အာမခံစပေါ်ငွေအပြင် ကြိုတင်ငွေ (Advance)အဖြစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ အာမခံစပေါ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်းထားနိုင်ပြီး ယင်းငွေများကို ရောင်းချပွဲကာလအတွင်း မိမိ၏အာမခံစပေါ်ငွေစာရင်းသို့ဖြစ်စေ၊ အခြားရတနာကုန်သည်၏ အာမခံစပေါ်ငွေစာရင်းသို့ဖြစ်စေ ထပ်မံဖြည့်သွင်းလိုပါက အနည်းဆုံး(၁)ရက် ကြိုတင်တင်ပြ ဆောင်ရွက်နိုင်ပါသည်။

၄။ ရောင်းချပွဲကာလအတွင်း အာမခံစပေါ်ငွေ ထပ်မံပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီက ဆောင်ရွက်ပေးနိုင်သည်များကို ကြိုတင်အသိပေး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ခွင့်ပြုချက်များအတိုင်း ဆောင်ရွက်ပေးသွားပါမည်။

**ကျောက်အတွဲများဝယ်ယူခြင်း**

၅။ အာမခံစပေါ်ငွေ လုံလောက်သည့် ကျောက်အတွဲ ဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်၏ အမည်စာရင်း၊ ကျောက်အတွဲအမှတ်နှင့် တန်ဖိုးများကို အမှတ်စဉ် ငယ်စဉ်ကြီးလိုက်အတိုင်း KIOSK စက်များနှင့် Display Board များတွင် အောင်စာရင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးပါမည်။

၆။ ကျောက်အတွဲများ ဝယ်ယူရန် ပေးသွင်းထားသည့် အာမခံစပေါ်ငွေအပေါ် ခွင့်ပြုတန်ဖိုးထက် ကျော်လွန်ဝယ်ယူသည့် ကျောက်အတွဲအား ဝယ်ယူခွင့် ပယ်ဖျက်သွားပါမည်။ ၎င်းအတွဲ၏နောက်တွင် ဆက်လက်ရောင်းချမည့် ကျောက်အတွဲများအတွက် အာမခံစပေါ်ငွေ လုံလောက်မှုရှိပါက ဆက်လက်ဝယ်ယူခွင့်ပြုပါမည်။

၇။ ကျောက်အတွဲများဝယ်ယူရာတွင် ဈေးနှုန်းအများဆုံးပေးသွင်းသူက အာမခံစပေါ်ငွေလုံလောက်မှု မရှိလျှင် ဝယ်ယူခွင့်ပယ်ဖျက်ပြီး အာမခံစပေါ်ငွေ လုံလောက်စွာပေးသွင်းထားသည့် ဈေးနှုန်းအများဆုံး ပေးသွင်းသူကို စိစစ်ဝယ်ယူခွင့်ပြုပါမည်။

၈။ ရောင်းချပွဲကာလအတွင်း ဝယ်ယူသူရတနာကုန်သည်၏ တင်ပြချက်အရ သဘာပတိအဖွဲ့က စိစစ်ပယ်ဖျက်ခွင့်ပြုသည့် ကျောက်အတွဲကို ကျောက်အတွဲပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဒုတိယဈေးနှုန်း အများဆုံး ပေးသွင်းသူက ဝယ်ယူလိုလျှင် ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ကျောက်အတွဲပိုင်ရှင်က သဘောမတူလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်းအများဆုံး ပေးသွင်းသူက ဝယ်ယူလိုခြင်းမရှိလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်းအများဆုံး ပေးသွင်းသူက ဝယ်ယူလိုသော်လည်း အာမခံစပေါ်ငွေ လုံလောက်မှုမရှိလျှင်ဖြစ်စေ ရောင်းချရသည့် ကျောက်အတွဲစာရင်းမှ ပယ်ဖျက်မည်။

၉။ ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အဆိုပြုဈေးနှုန်း တူညီနေသောအတွဲ (Tied lot) များ၊ ဈေးနှုန်းတင်သွင်းလွှာတွင် ရေးသားဖော်ပြသည့် အတွဲအမှတ်နှင့် အဆိုပြုဈေးနှုန်း ရှင်းလင်းပီသမှုမရှိသောအတွဲများကို ညှိနှိုင်းဖြေရှင်းနိုင်ရန် KIOSK စက်များတွင်လည်းကောင်း၊ Display Board များဖြင့်လည်းကောင်း၊ သဘာပတိအဖွဲ့က အသိပေးကြေညာခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးပါမည်။

၁၀။ ဝယ်ယူသူသည် မိမိဝယ်ယူခွင့်ရရှိသော ကျောက်အတွဲများအား အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ပေးရန် (Cancellation)တင်ပြခြင်း၊ စောဒကတက်ခြင်း (Complaint)များကို အဆိုပါအတွဲများ ဝယ်ယူခွင့်ရရှိကြောင်း ကြေညာသည့်နေ့ (၁၃:၀၀)နာရီနောက်ဆုံးထား၍ ဝယ်ယူသူကိုယ်တိုင် စီမံရေးရာလုပ်ငန်းကော်မတီမှတစ်ဆင့် သဘာပတိအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်ပါသည်။

၁၁။ (၁၅:၀၀)နာရီအချိန်ထိ လာရောက်ဖြေရှင်းခြင်း မရှိပါက သဘာပတိအဖွဲ့သည် မည်သည့်ရောင်းသူ/ ဝယ်ယူသူကိုမျှ ထပ်မံဆက်သွယ်ခြင်း၊ စောင့်ဆိုင်းခြင်းမပြုဘဲ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်၍ အောင်စာရင်းထုတ်ပြန် ကြေညာရောင်းချနိုင်ရေး ဆောင်ရွက်သွားပါမည်။

၁၂။ အဆိုပြုဈေးနှုန်း တူညီနေသောအတွဲ (Tied lot)များ၊ အတွဲအမှတ်နှင့် အဆိုပြုဈေးနှုန်း ရှင်းလင်းပီသမှုမရှိသောအတွဲများနှင့်ပတ်သက်၍ သဘာပတိအဖွဲ့က သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ချိန်အတွင်း ဖြေရှင်းဆောင်ရွက်ပေးပါမည်။ သဘာပတိအဖွဲ့၏ ဖြေရှင်းဆောင်ရွက်မှုအပေါ် စောဒက (Complaint) တင်ပြလိုပါက အဆိုပါကျောက်အတွဲများ ရှင်းလင်းကြေညာသည့်အချိန်မှ (၃)နာရီအတွင်း ဝယ်ယူသူကိုယ်တိုင် သဘာပတိအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်ပါသည်။

၁၃။ ကျောက်မျက်အတွဲများ ရောင်းချရာတွင်လည်း ညှိနှိုင်းဖြေရှင်းရန်လိုအပ်သည့် အတွဲများကို ရောင်းချချိန်အတွင်း၌ပင် အသိပေးကြေညာသွားမည်ဖြစ်ပြီး သဘာပတိအဖွဲ့ထံ ဝယ်ယူသူကိုယ်တိုင် မပျက်မကွက် သွားရောက်ဖြေရှင်း ဆောင်ရွက်ရပါမည်။

၁၄။ အတွဲအမှတ်နှင့် တန်ဖိုးငွေများ မှားယွင်းရေးသားမိကြောင်း ရတနာကုန်သည်ကိုယ်တိုင် သတ်မှတ်နေ့ရက်၊ သတ်မှတ်အချိန်အတွင်း စောဒကတင်ပြလာမှုအပေါ် သဘာပတိအဖွဲ့က သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ဒဏ်ကြေးငွေ ပေးဆောင်စေခြင်းမပြုဘဲ ပယ်ဖျက်ပေးခြင်း သို့မဟုတ် ပယ်ဖျက်ခွင့်တင်ပြခြင်းအား ငြင်းပယ်ခြင်း သို့မဟုတ် သတ်မှတ်ဒဏ်ကြေး ပေးဆောင်စေ၍ ပယ်ဖျက်ပေးခြင်း ဆောင်ရွက်ပေးမည်။

၁၅။ ဒဏ်ကြေးပေးဆောင်၍ ကျောက်အတွဲဝယ်ယူခွင့် ပယ်ဖျက်ခွင့်ပြုရာတွင် အောက်ပါသတ်မှတ် ဒဏ်ကြေးငွေတစ်မျိုးကို ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) မှားယွင်းရေးသားမိသော ကျောက်အတွဲတန်ဖိုး၏ ၂၀ ရာခိုင်နှုန်း။

(ခ) ငွေကျပ်သိန်း(၅၀)ထက် မပိုသော ဒဏ်ကြေးငွေ။

**အာမခံစပေါ်ငွေ ပြန်လည်ထုတ်ယူခြင်း၊ လွှဲပြောင်းသုံးစွဲခြင်း**

၁၆။ ရတနာကုန်သည်များ ပေးသွင်းထားသော အာမခံစပေါ်ငွေကို အောက်ပါအတိုင်း ပြန်လည်ထုတ်ယူခြင်း၊ လွှဲပြောင်းသုံးစွဲခြင်းတို့ကို ခွင့်ပြုပါမည်-

(က) ဝယ်ယူခွင့် မရရှိပါက ပေးသွင်းထားသော အာမခံစပေါ်ငွေကို ငွေသားဖြင့် ထုတ်ယူခြင်း၊ ဘဏ်စာရင်းသို့ လွှဲပြောင်းထည့်သွင်းပေးခြင်းများကို ချက်ချင်းဆောင်ရွက်ခွင့်ပြုပါမည်။

(ခ) ဝယ်ယူခွင့် မရရှိပါက ပေးသွင်းထားသည့် အာမခံစပေါ်ငွေကို အခြားရတနာကုန်သည်များ၏ ကျောက်အတွဲများအတွက် တန်ဖိုးငွေပေးချေရာတွင် လွှဲပြောင်းသုံးစွဲခြင်းကို ဆောင်ရွက်ခွင့်ပြုပါမည်။

(ဂ) ဝယ်ယူခဲ့သော ကျောက်အတွဲများ၏ တန်ဖိုးသည် အာမခံစပေါ်ငွေထက်နည်းပါက ခုနှိမ်ပေးချေခွင့်ပြုမည်။

(ဃ) အာမခံစပေါ်ငွေသည် ဝယ်ယူခဲ့သော ကျောက်အတွဲများတန်ဖိုး၏ (၅)ရာခိုင်နှုန်းထက် ပိုမိုပါက ရတနာကုန်သည် ဝယ်ယူခဲ့သော ကျောက်အတွဲများမှ နှစ်သက်ရာ ကျောက်အတွဲအတွက် တန်ဖိုးငွေပေးချေရာတွင်လည်းကောင်း၊ အခြားကုန်သည်များ ဝယ်ယူခဲ့သော ကျောက်အတွဲများအတွက် တန်ဖိုးငွေ ပေးချေရာတွင်လည်းကောင်း ခုနှိမ်ပေးချေခွင့်ပြုမည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များ**

၁၇။ ကျောက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်နေ့မတိုင်မီ ညနေခင်းအထိ ကြည့်ရှုစစ်ဆေးခွင့်ပြုပါမည်။

၁၈။ ကျောက်အတွဲများဝယ်ယူမည့် နိုင်ငံသားရတနာကုန်သည်များသည် ဈေးနှုန်းတင်သွင်းလွှာ (Bidding Form) များကို သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူကြရမည်။ ဈေးနှုန်းတင်သွင်းလွှာများကို အမှတ်စဉ်များ သတ်မှတ်ထားမည်ဖြစ်ပြီး ရတနာကုန်သည်များ ဝယ်ယူသော ဈေးနှုန်းတင်သွင်းလွှာများ၏ အရေအတွက်၊ စောင်ရေ၊ အမှတ်စဉ်များကို သီးခြားမှတ်ပုံတင်ထားရှိမည်ဖြစ်ရာ အခြားရတနာကုန်သည်များသို့ လွှဲပြောင်းသုံးစွဲခြင်း မပြုရန်ဖြစ်ပါသည်။ လွှဲပြောင်းပေးခြင်း၊ ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ဈေးနှုန်းတင်သွင်းလွှာ ဝယ်ယူသည့်ရတနာကုန်သည်က တာဝန်ယူဖြေရှင်းရမည်။

၁၉။ နိုင်ငံသားရတနာကုန်သည်များအနေဖြင့် မိမိဝယ်ယူလိုသော ကျောက်အတွဲများကို ဈေးနှုန်းတင်သွင်းလွှာများတွင် တစ်တွဲချင်း ဖြည့်စွက်ရေးသား အဆိုပြုပြီး သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ထည့်သွင်းရပါမည်။

၂၀။ ဈေးနှုန်းတင်သွင်းလွှာ (Bidding Form) များ တင်သွင်းရာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖြင့် ရှင်းလင်းပီသစွာ ရေးသားဖော်ပြရမည်-

(က) ဝယ်ယူသည့်အတွဲအမှတ်

(ခ) ဝယ်ယူသည့်တန်ဖိုး

(ဂ) ဝယ်ယူသူလက်မှတ်

(ဃ) ဝယ်ယူသူအမည်နှင့်ကုမ္ပဏီ

(င) မှတ်ပုံတင်အမှတ်

(စ) ကုန်သည်မှတ်ပုံတင်အမှတ်(Bidder's Regd.No)

၂၁။ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ မထည့်သွင်းမီ ဈေးနှုန်းတင်သွင်းလွှာတွင် ရေးသားရမည့် အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ/မရှိ၊ စေ့စပ်သေချာစွာ စစ်ဆေးပြီးမှသာ သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း အချိန်မီ ထည့်သွင်းရပါမည်။ သတ်မှတ်အချိန်ထက် နောက်ကျသော ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခွင့်မပြု(မပြု)ပါ ။

၂၂။ အခြေခံဈေး (Reserve Price) ထက် လျော့နည်းပေးထားသော ဈေးနှုန်းတင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ပါသည်။

၂၃။ တင်ဒါပုံးမှားယွင်းထည့်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ (Bidding Form) များကို ပယ်ဖျက်မည် ဖြစ်ပါသည်။

၂၄။ ဝယ်ယူသူအနေဖြင့် မိမိဝယ်ယူသည့် အတွဲအမှတ်ကို ကိန်းဂဏန်းဖြင့်သာ ရှင်းလင်းပီသစွာ ရေးသားဖော်ပြရပါမည်။ ထို့အတူ ဝယ်ယူသည့် တန်ဖိုးငွေကိုလည်း ကိန်းဂဏန်းဖြင့် (၁)ကြိမ်၊ စာသားဖြင့် (၁)ကြိမ် ရှင်းလင်းပီသစွာ ရေးသားဖော်ပြရပါမည်။ (၂)ကြိမ်ရေးသားရာတွင် တူညီမှုမရှိပါက များရာတန်ဖိုးကိုသာ ဝယ်ယူသည့် တန်ဖိုးအဖြစ် သတ်မှတ်ပါမည်။

၂၅။ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို သက်ဆိုင်ရာ တင်ဒါပုံးများ ပိတ်သိမ်းမည့်အချိန် မတိုင်မီအထိ ကြည့်ရှုစစ်ဆေးခွင့်ပြုထားပါသည်။ နေ့စဉ် တင်ဒါပုံးများ ပိတ်သိမ်းမည့်အချိန်နှင့် ရောင်းချမည့် အတွဲများ၏စာရင်းများကို ကြိုတင်အသိပေးကြေညာပေးထားမည်ဖြစ်သည်။ တင်ဒါပုံးများ ဖွင့်ဖောက်စစ်ဆေးရန် ပိတ်သိမ်းပြီးမှ ဈေးနှုန်းတင်သွင်းလွှာထည့်သွင်းခြင်းကို ခွင့်မပြု(မပြု)ပါ။

၂၆။ ကျောက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူရာတွင် အာမခံစပေါ်ငွေပေးသွင်းခြင်း၊ ကျောက်အတွဲများဝယ်ယူခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂၇။ ဈေးနှုန်းတင်သွင်းရာတွင် အဆိုပြုဈေးနှုန်းများ တူညီတိုက်ဆိုင်နေခြင်းအတွက် သက်ဆိုင်ရာ ဈေးနှုန်းတင်သွင်းသူများကို ထပ်မံဈေးပြိုင်အဆိုပြု တင်သွင်းစေပြီး စည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရတနာကုန်သည်အား ရောင်းချပေးပါမည်။

၂၈။ ကျောက်အတွဲအတွက် ဈေးနှုန်းအများဆုံးပေးသွင်းသူက အာမခံစပေါ်ငွေ လုံလောက်မှုမရှိလျှင် အာမခံစပေါ်ငွေ လုံလောက်စွာပေးသွင်းထားသူများအနက်မှ ဈေးနှုန်းအများဆုံးပေးသွင်းသူကို စိစစ်၍ ရောင်းချပေးပါမည်။

၂၉။ ရောင်းချပွဲကာလအတွင်း ဝယ်ယူသူရတနာကုန်သည်၏ တင်ပြချက်အရ သဘာပတိအဖွဲ့က စိစစ်ပယ်ဖျက်ခွင့်ပြုသည့် ကျောက်အတွဲကို ကျောက်အတွဲပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဒုတိယဈေးနှုန်းအများဆုံးပေးသွင်းသူက ဝယ်ယူလိုလျှင် ခွင့်ပြုမည်ဖြစ်ပြီး ကျောက်အတွဲပိုင်ရှင်က သဘောမတူလျှင်ဖြစ်စေ၊ ဒုတိယဈေးနှုန်းအများဆုံးပေးသွင်းသူက ဝယ်ယူလိုခြင်းမရှိလျှင်ဖြစ်စေ ဒုတိယဈေးနှုန်းအများဆုံးပေးသွင်းသူက ဝယ်ယူလိုသော်လည်း အာမခံစပေါ်ငွေ လုံလောက်မှုမရှိလျှင်ဖြစ်စေ ရောင်းချရသည့် ကျောက်အတွဲစာရင်းမှ ပယ်ဖျက်မည်။

၃၀။ ကျောက်အတွဲ ဝယ်ယူခွင့်ရရှိသူကို မှာယွင်းကြေညာမိပါက ပြန်လည်စိစစ်ပြီး ဝယ်ယူခွင့်ရရှိသူ အမှန်၏ အမည်ကို ရောင်းချချိန်အတွင်း ပြန်လည်ကြေညာပေးပါမည်။ မှားယွင်းကြေညာခြင်းခံရသူ၏ ကန့်ကွက်တင်ပြချက်ကို လက်ခံမည်မဟုတ်ပါ။

၃၁။ ဝယ်ယူသူအနေဖြင့် မိမိဝယ်ယူမည့် ကျောက်အတွဲများ၏ အရွယ်အစား၊ အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်တို့ကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီး ကျေနပ်မှသာ ဝယ်ယူရန်ဖြစ်ပါသည်။

၃၂။ ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းခြင်းမရှိသော ကျောက်အတွဲများကို မရောင်းချရသည့် ကျောက်အတွဲစာရင်း (Drop Lot)အဖြစ် သတ်မှတ်ပါမည်။ မရောင်းချရသည့် ကျောက်အတွဲများ (Drop Lots)ကို အခြေခံဈေးဖြင့်ဖြစ်စေ၊ အခြေခံဈေးထက် နည်း၍ဖြစ်စေ၊ များ၍ဖြစ်စေ ရောင်းချပေးမည်မဟုတ်ပါ။

၃၃။ ရတနာကုန်သည်များအနေဖြင့် ကျောက်အတွဲဝယ်ယူရန် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများအား အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခွင့် (Cancellation) တင်ပြခြင်းကို သက်ဆိုင်ရာ ကျောက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စိစစ်ခြင်းမပြုမီ (၁၇:၀၀)နာရီအထိ စီမံရေးရာလုပ်ငန်းကော်မတီမှတစ်ဆင့် ပြပွဲဗဟိုကော်မတီသို့ ဝယ်ယူသူကိုယ်တိုင် တင်ပြနိုင်သည်။

၃၄။ ဝယ်ယူသူသည် မိမိဝယ်ယူခဲ့သည့် ကျောက်အတွဲများအတွက် စောဒက(Complaint) တက်လိုပါက အဆိုပါကျောက်အတွဲများ ဝယ်ယူခွင့်ရရှိကြောင်း ကြေညာသည့်နေ့တွင် ဝယ်ယူသူကိုယ်တိုင် အပြီးတင်ပြရမည်ဖြစ်ပြီး သဘာပတိအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမည်။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်ပြလာမှုများကို လက်ခံစဉ်းစား ဆောင်ရွက်ပေးမည် မဟုတ်ပါ။

၃၅။ အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာတွင် တက်ရောက်ဝယ်ယူသူ ရတနာကုန်သည်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက တာဝန်ပေးအပ်ထားသူများ၏ ဆုံးဖြတ်ချက်များအပေါ် လက်ခံဆောင်ရွက်ခြင်းမပြုပါက ပြပွဲဗဟိုကော်မတီအနေဖြင့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၃၆။ ဝယ်ယူခွင့်ရရှိသူသည် မိမိဝယ်ယူရရှိသည့် ကျောက်အတွဲအတွက် အရောင်းအဝယ်စာချုပ် (Sale Agreement) တွင် မပျက်မကွက် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုရမည်။ ဝယ်ယူခွင့်ရရှိသူသည် အကြောင်းကြောင်းကြောင့်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးခြင်း မပြုနိုင်ခဲ့ပါက ဝယ်ယူခွင့်ရရှိသူက အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသကဲ့သို့ သတ်မှတ်မည်ဖြစ်သည်။ ဝယ်ယူခွင့်ရရှိသူအနေဖြင့် မိမိဝယ်ယူခွင့်ရရှိသော အတွဲအမှတ်အတွက် မပျက်မကွက် ဝယ်ယူရန် တာဝန်ယူရမည်ဖြစ်ပါသည်။ ထို့အတူ အရောင်းအဝယ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လက်ခံလိုက်နာရမည်ဖြစ်ပါသည်။

၃၇။ အခြားလိုအပ်သော သတင်းအချက်အလက်များကို ရောင်းချပွဲကျင်းပချိန်အတွင်း အသိပေးကြေညာသွားမည်ဖြစ်ပါသည်။ မရှင်းလင်းသည်များနှင့် သိလိုသည်များရှိပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များ**

၃၈။ ဝယ်ယူခွင့်ရရှိသော ကျောက်အတွဲများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငွေပေးချေမှုများအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကို ထပ်ဆောင်ပေးဆောင်ရမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဖြစ်ပါက ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၉။ ဝယ်ယူခွင့်ရရှိခဲ့သော ကျောက်အတွဲများအတွက် တန်ဖိုးငွေအပြည့်ပေးချေရာတွင် အောက်ပါစည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်-

(က) ဝယ်ယူခဲ့သော ကျောက်အတွဲများအတွက် ကျသင့်တန်ဖိုးငွေများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကမ္ဘောဇဘဏ်(နေပြည်တော်)၊ ဘဏ်ခွဲ(၄)တွင် The Central Committee of Jade and Gems (Advance) အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ် 17710317700282701 သို့ သတ်မှတ်ကာလအတွင်း ပေးသွင်းရမည့်အပြင် အပြီးသယ်ယူရေး ဆောင်ရွက်ရမည်။

(ခ) ဝယ်ယူခဲ့သော ကျောက်အတွဲတစ်တွဲစီအတွက် တန်ဖိုးငွေများပေးချေရာတွင် ပေးသွင်းခဲ့သည့် အာမခံစပေါ်ငွေဖြင့် ခုနှိမ်ပေးချေပြီး ထုတ်ယူခွင့်ပြုမည်။

(ဂ) ကျောက်အတွဲတန်ဖိုးကို ပုဂ္ဂလိကချက်လက်မှတ်၊ ဘဏ်ငွေလွှဲလက်မှတ်နှင့် အကြွေးကတ်တို့ဖြင့် ပေးချေခြင်းများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

(ဃ) ဝယ်ယူသူသည် ကျောက်အတွဲများ ဝယ်ယူခဲ့ပြီး ငွေပေးချေရန် ခွင့်ပြုသတ်မှတ်ပေးထားသည့် ရက်ပေါင်း(၆၀)ပြည့်သည်အထိ ငွေအကြေပေးချေခြင်းမရှိပါက ကျောက်အတွဲအတွက် ပေးသွင်းထားသော (၅)ရာခိုင်နှုန်းတန်ဖိုးငွေကို သိမ်းယူပြီး ရတနာပြပွဲတက်ရောက်ခွင့်နှင့် ကျောက်အတွဲတင်ပြရောင်းချခွင့် (၃)ကြိမ် ပိတ်ပင်ခြင်းခံရမည်။

၄၀။ ဝယ်ယူခဲ့သော ကျောက်အတွဲအားလုံးအတွက် တန်ဖိုးငွေပေးချေပြီး၍ ကျန်ရှိသောငွေများကို အခြားရတနာကုန်သည်၏ ကျောက်အတွဲများ တန်ဖိုးငွေပေးချေရာတွင်ဖြစ်စေ၊ ရတနာကုန်သည်တင်ပြသည့် ဘဏ်စာရင်းသို့ဖြစ်စေ၊ ငွေသားဖြင့်ထုတ်ယူခြင်းကိုဖြစ်စေ ဆောင်ရွက်ပေးမည်။

၄၁။ အာမခံစပေါ်ငွေဖြင့် ကျောက်အတွဲတန်ဖိုးငွေများ ပေးချေရာတွင် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသော အာမခံစပေါ်ငွေသုံးစွဲခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပေးချေခွင့်ပြုပါမည်။

**နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များ**

**ကျောက်အတွဲ တင်ပြရောင်းချသူများ**

၄၂။ နိုင်ငံသား ကျောက်မျက်ရတနာကုန်သည်များကို အောက်ပါစည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်၍ ကျောက်အတွဲများ တင်ပြရောင်းချခွင့်ပြုပါမည်-

(က) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်သည့် အကျိုးတူကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင် ရရှိသူများ၊ ကျောက်စိမ်း အချောထည် ရုပ်တုရုပ်ထွင်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းလိုင်စင်ရယူထားသူများ၊ ကျောက်မျက်အရိုင်း၊အချောများ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းလိုင်စင် ရယူထားသူများကို တင်ပြရောင်းချခွင့်ပြုပါမည်။

(ခ) ရောင်းချပွဲတက်ရောက်ရန် ဝင်ကြေးငွေများကို ကမ္ဘောဇဘဏ်(နေပြည်တော်)၊ ဘဏ်ခွဲ (၄)တွင် The Central Committee of Jade and Gems (Entrance Fees) အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ် 17710317700282801 သို့ ကြိုတင်ပေးသွင်းရမည်။

(ဂ) ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ် ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ပြပွဲ ဗဟိုကော်မတီက သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဃ) ကျောက်အတွဲများရောင်းချရာတွင် ဝယ်ယူသူရတနာကုန်သည်က အာမခံစပေါ်ငွေ လုံလောက်မှု မရှိပါက အာမခံစပေါ်ငွေ လုံလောက်စွာပေးသွင်းထားသည့် ဈေးနှုန်းအများဆုံးပေးသွင်းသူကို ရောင်းချမည်ဖြစ်ရာ ကျောက်အတွဲများကို အမှန်တကယ်ရောင်းချနိုင်မည့် အမြင့်ဆုံးဈေးနှုန်းအား အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်တင်ပြရမည်။

(င) ရောင်းချရရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများအတွက် အရောင်းအဝယ်စာချုပ် (Sale Agreement)တွင် မပျက်မကွက် လက်မှတ်ရေးထိုးကြရမည်။ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါက အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသကဲ့သို့ သတ်မှတ်မည်။ အရောင်းအဝယ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(စ) ရောင်းချပွဲတွင်တင်ပြရောင်းချသည့် ကျောက်အတွဲများ၏ အမျိုးအစား၊ အရည်အသွေး၊ အလေးချိန်၊ အရေအတွက်တို့ကို တာဝန်ယူရမည်။

(ဆ) ရောင်းချရသော ကျောက်အတွဲများကို ငွေပေးချေရမည့် သတ်မှတ်ကာလ ရက်ပေါင်း(၆၀) အတွင်း ပြန်လည်ထုတ်ယူခွင့်မပြုပါ။

(ဇ) ကျောက်အတွဲများ ရောင်းရငွေအပေါ် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်ဖြစ်စေ သတ်မှတ်အခွန် နှုန်းထားနှင့် ၂၀၁၆ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအရ သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

(ဈ) ကျောက်အတွဲရောင်းရငွေမှ အခွန်၊အခများ နုတ်ယူပြီး ကျန်ငွေကို တင်ပြရောင်းချသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် လိုင်စင်ရရှိသူ၏ Bank Account တစ်ခုတည်းသို့သာ လွှဲပြောင်းထည့်သွင်းပေးမည် ဖြစ်ပါသည်။

(ည) ကျောက်အတွဲများ ရောင်းချခြင်းနှင့်ပတ်သက်၍ သဘာပတိအဖွဲ့နှင့် ရတနာပြပွဲဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို လက်ခံလိုက်နာ ဆောင်ရွက်ရမည်။

(ဋ) ရတနာပြပွဲသို့ ပြင်ပမှ ကျောက်မျက်ရတနာများကို လုံးဝ(လုံးဝ) ယူဆောင်လာခြင်း ခွင့်မပြုပါ။

**ကျောက်အတွဲ ဝယ်ယူသူများ**

၄၃။ နိုင်ငံသား ကျောက်မျက်ရတနာကုန်သည်များကို အောက်ပါစည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်၍ ရောင်းချပွဲသို့ တက်ရောက်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်အတွဲများ ဝယ်ယူခွင့်ပြုပါမည်-

(က) မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများ၊မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိသူများ၊ ကျောက်စိမ်း အချောထည် ရုပ်တုရုပ်ထွင်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းလိုင်စင် ရယူထားသူများ၊ ကျောက်မျက်အရိုင်း၊ အချောများ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းလိုင်စင်

ရယူထားသူများ၊ ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများကို တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး သတ်မှတ်အာမခံစပေါ်ငွေ ပေးသွင်းထားသူများကိုသာ ဝယ်ယူခွင့်ပြုမည်။

(ခ) ရောင်းချပွဲတက်ရောက်ရန် ဝင်ကြေးငွေများကို ကမ္ဘောဇဘဏ်(နေပြည်တော်)၊ ဘဏ်ခွဲ (၄)တွင် The Central Committee of Jade and Gems (Entrance Fees) အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ် 17710317700282801 သို့ ကြိုတင်ပေးသွင်းရမည်။

(ဂ) သတ်မှတ်ထားသည့် အာမခံစပေါ်ငွေ ပေးသွင်းပြီးမှသာ ကျောက်အတွဲများ ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး အာမခံစပေါ်ငွေပေးသွင်းခြင်းနှင့်ပတ်သက်၍ ပြပွဲဗဟိုကော်မတီကသတ်မှတ်ထားသည့် အာမခံစပေါ်ငွေပေးသွင်းခြင်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဃ) ကျောက်အတွဲများ ဝယ်ယူရာတွင် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်များသည် အရောင်းအဝယ်စာချုပ်(Sale Agreement)တွင် မပျက်မကွက် လက်မှတ်ရေးထိုးကြရမည်။ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါက ဝယ်ယူခွင့်ရရှိသူက အရောင်းအဝယ် စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသကဲ့သို့ သတ်မှတ်မည်။ အရောင်းအဝယ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(စ) ဝယ်ယူခွင့်ရရှိသည့် ကျောက်အတွဲများအတွက် တန်ဖိုးငွေများပေးချေရာတွင် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဆ) ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ ဝယ်ယူခြင်းနှင့်ပတ်သက်၍ သဘာပတိအဖွဲ့နှင့် ရတနာပြပွဲဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို လက်ခံလိုက်နာဆောင်ရွက်ရမည်။

(ဇ) ရောင်းချပွဲသို့ ပြင်ပမှကျောက်မျက်ရတနာများကို လုံးဝ(လုံးဝ) ယူဆောင်လာခြင်း ခွင့်မပြုပါ။

၄၄။ ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်အရ ကျောက်အတွဲများ ဝယ်ယူခဲ့ပြီး ငွေပေးချေရန်ခွင့်ပြု သတ်မှတ်ပေးထားသည့် ရက်ပေါင်း(၆၀)ပြည့်သည်အထိ ငွေအကြေပေးချေခြင်းမရှိလျှင် ကျောက်အတွဲအတွက် ပေးသွင်းထားသော (၅)ရာခိုင်နှုန်း တန်ဖိုးငွေများကိုသိမ်းယူပြီး ရတနာပြပွဲတက်ရောက်ခွင့်နှင့် ကျောက်အတွဲတင်ပြရောင်းချခွင့် (၃)ကြိမ် ပိတ်ပင်ခြင်းခံရမည်။

၄၅။ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများဖြင့် ကျောက်အတွဲတန်ဖိုးငွေပေးချေခြင်း၊ လွှဲပြောင်းသုံးစွဲခြင်း၊ ပြန်လည်ထုတ်ယူခြင်းနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသော အာမခံစပေါ်ငွေသုံးစွဲခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည်။

၄၆။ တန်ဖိုးငွေ အပြည့်အဝပေးချေပြီးသော ကျောက်အတွဲများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီက ကျောက်အတွဲ ထိန်းသိမ်းထားရှိသည့်နေရာမှ ဝယ်ယူသူကိုယ်တိုင် သို့မဟုတ် ဝယ်ယူသူက တရားဝင် ကိုယ်စားလှယ်လွှဲအပ်ထားသူထံသို့ လွှဲပြောင်းပေးသည့်စနစ်ဖြင့် ထုတ်ပေးပါမည်။ တရားဝင်ကိုယ်စားလှယ် လွှဲအပ်ထားကြောင်း ဝယ်ယူသူကိုယ်တိုင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ လာရောက်အတည်ပြု လက်မှတ်ရေးထိုးရပါမည်။

၄၇။ ကျောက်အတွဲဝယ်ယူသူ သို့မဟုတ် တင်ပြရောင်းချသူ နိုင်ငံသားကျောက်မျက်ရတနာကုန်သည်များသည် ပြပွဲဗဟိုကော်မတီ၏ သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ပြပွဲတက်ရောက်ခွင့်၊ ဝယ်ယူခွင့်၊ တင်ပြရောင်းချခွင့် ပိတ်ပင်ခြင်းအပါအဝင် သတ်မှတ်စည်းကမ်းများနှင့်အညီ ပြပွဲဗဟိုကော်မတီက အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**